**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**

**ညောင်လေးပင်ခရိုင်**

**(၄) ကြိမ်မြောက်၊ ညောင်လေးပင်ခရိုင်အမြဲတမ်းကော်မတီအရေးပေါ်အစည်းအဝေး၏**

**ထုတ်ပြန်ကြေငြာချက်**

ကေအဲန်ယူ ကရင်အမျိုးသားအစည်းအရုံးညောင်လေးပင်ခရိုင်သည်၊ ကေအဲန်ယူကရင်အမျိုးသားအစည်းအရုံးဗဟိုမှ ချမှတ် ထားသောလမ်းညွှန်ချက်နှင့်အညီ, မိမိတို့၏ စီမံအုပ်ချုပ်မှုနယ်မြေအတွင်း နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စည်းရုံး ရေး၊ လူမှုရေး၊ စစ်ရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ကေအဲန်ယူကရင်အမျိုးသားအစည်းအရုံး၏ မူဝါဒ လမ်းစဉ်နှင့် အညီအကောင်အထည်ဖေါ်ဆောင်ရွက်သောအဖွဲ့အစည်းဖြစ်သည်။

၁. ကေအဲန်ယူ ကရင်အမျိုးသားစည်းအရုံး၊ ညောင်လေးပင်ခရိုင်၏ (၄) ကြိမ်မြောက်, အမြဲတမ်းကော်မတီ အရေး ပေါ်အစည်းအဝေးကို ၁၂ - ၁၇/ ၉/ ၂၀၂၂ ရက်နေ့တွင် ကျင်းပပြီး ခရိုင်အမြဲတမ်းကော်မတီ ( ၁၈ ) ဦး၊ တပ်မဟာ, တပ်ရင်းနှင့်အုပ်ချုပ်ရေးဖက်မှ ကိုယ်စားလှယ်များစုစုပေါင်း ( ၂၅ )ဦး တက်ရောက်ခဲ့ ပါ သည်။

၂. ဤအရေးပေါ်အစည်းအဝေးတွင် မိမိအခြေနေ၊ ရန်သူ့ခြေအနေ၊ပြည်သူလူထု၏အခြေအနေများအား ဆွေးနွေး တိုင် ပင်ကာ အစည်းအဝေး ဆုံးဖြတ်ချက် (၁၄) ချက်ကို ချမှတ် နိုင်ခဲ့ပြီး ဆုံးဖြတ်ချက်များကို ထိထိရောက်ရောက် အကောင်အထည်ဖေါ်ဆောင်ရွက်သွားမည်ဖြစ်သည်။ အထူးသဖြင့် ညောင်လေးပင်ခရိုင်အတွင်းရှိ (မူး၊ လယ်ဒို ၊ ဆောထိ) မြို့နယ် အတွင်းရေးမှူးများ၏ ညွှန်ကြားစာများအား ဤအစည်းအဝေးတွင် အတည်ပြု ပေးကာ, ပြည်သူလူထုများအနေဖြင့် မြို့နယ်အသီးသီး၏ညွှန် ကြားစာများအတိုင်းအကောင်အထည် ဖော်ဆောင်ရွက်သွား ရန် အလေးအနက် ထားဆွေးနွေးခဲ့ပါသည်။

၃. ၂၀၂၂ ခုနှစ် မေလမှစ၍ ယခုအထိအာဏာသိမ်းအကြမ်းဖက်စစ်ကောင်စီမှ ပြည်သူလူထုများအား မတရားသဖြင့် လူ့အခွင့် အရေးချိုးဖောက် မှုမှန် သမျှကိုညောင်လေးပင်ခရိုင်ဌာနချုပ်ရုံးမှအထူးမှတ်တမ်းတင်ထားပါသည်။ မှတ် တမ်း အရ ထွက်ပြေးတိမ်းရှောင် နေရသည့်ကျေးရွာပေါင်း (၁၂၅)ရွာမှ လူဦးရေ တစ်သိန်းနီးပါးနှင့် ကျောင်းပေါင်း (၁၅၅)ကျောင်း၊ ကျေးရွာအတွင်းလေယဉ်ဖြင့် (၅)ကြိမ်၊ကျေးရွာအတွင်းလက်နက်ကြီးအလုံးနှစ်ထောင်ကျော်ပစ် ခတ်ပြီးဆက်လက်၍ ပြည်သူများ၏ လုပ်ငန်းခွင်များ အတွင်းသို့ လက်နက်ကြီးဖြင့်ဆက်လက်ပစ်ခတ်နေဆဲ ဖြစ် သည်။ သေဆုံးသူ (၁၆)ဦးအနက် အမျိုးသမီး (၂)ဦးသေဆုံးခဲ့ရသည်။ ထိခိုက် ဒါဏ်ရာရသူ (၂၁)ဦး၊ မတရားဖမ်း ဆီး ညှဉ်းဆဲ သူ (၉၄) ဦး၊ ပြည်သူများ၏ ငွေကြေးဥစ္စာပစ္စည်းများ မတရားခိုးယူလုယက်မှုများသည်နိုင်ငံတကာ၏ ရာဇဝတ်ကျူး လွန်မှုလုပ်ရပ်ဖြစ်သည်။ အကြမ်းဖက်စစ်ကောင်စီ၏လူမဆန်သောလုပ်ရပ် ကြောင့်ပြည်သူလူထု

များ၏စားဝတ်နေရေး ၊ ပညာရေး ၊ ကျန်း မာရေး လူထု၏အသက်အန္တရယ် ချိန်းခြောက် မှု၊ လူမှုဘဝမလုံခြုံမှုစသည့် လူအခွင့်အရေးချိုး ဖောက်မှုများအား ညောင်လေးပင်ခရိုင်အနေနှင့် လွန်စွာရွံ့မုန်းပြီး အပြင်းအထန်ကန့်ကွက်ရှုံ့ချသည်။

၄. ကေအဲန်ယူ ကရင်အမျိုးသားအစည်းအရုံး ညောင်လေးပင်ခရိုင်၏ စီမံအုပ်ချုပ်မှုနယ်မြေအတွင်းရှိ အကြမ်းဖက်စစ်ကောင်စီ၏ လက်အောက်ခံတပ်မတော်အရာရှိ,အရာခံ အကြပ်တပ်သားများနှင့် ပြည်သူ ပြည်သားများအားလုံး အမှန် တရားကိုရှာဖွေကာ (ဓမ္မ နှင့် အဓမ္မ ) ခွဲခြားစိတ်ဖြာပြီး အကြမ်းဖက် စစ်ကောင်စီ၏ မတရားသော အမိန့်စေခိုင်းမှုများကို ကျော်ခိုင်း၍ အမှန်တရားဖက်သို့ ရပ်တည်ပြီးပူးပေါင်းပါဝင်လာရေးကို (၄) ကြိမ်မြောက် ခရိုင်အမြဲတမ်းကော်မတီ အရေးပေါ်အစည်းအဝေးတွင် အလေးအနက်ထားဆွေးနွေးခဲ့ကြပြီး အမြင်မှန်ရရှိသောတပ်မတော်သားများနှင့်အတူလက်တွဲ၍ မိမိတို့၏ ရပ်တည်ချက်နှင့်အညီအကြမ်းဖက်စစ်ကောင်စီအားတွန်းလှန်ရန်တိုက်တွန်းအပ်ပါသည်။

၅. အာဏာသိမ်းအကြမ်းဖက်စစ်ကောင်စီမှ ပြည်သူလူထုအား မတရားသဖြင့် လူ့အခွင့်ရေး ချိုးဖောက်မှုကြောင့် ပြည်သူလူထုထောင်ပေါင်းများစွာမိမိတို့၏ မြို့ရွာကိုစွန့်ခွာထွက်ပြေးကြရပြီး စားနပ်ရိက္ခာ မလုံလောက်မှု၊ လူမှုဘဝ မလုံခြုံမှုကို ကြုံတွေ့ခံစားနေရသည်။ ပြည်သူလူထုများအား၊ လူသားခြင်းစာနာထောက်ပံ့ပေးသော ပြည်တွင်း/ ပြည် ပမှ လူမှုရေးအသင်း အဖွဲ့များအားလုံးကို (၄)ကြိမ်မြောက်အမြဲတမ်းကော်မတီအရေးပေါ် အစည်းအဝေးမှအသိအမှတ် ပြုကြောင်းနှင့်လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ကြေငြာအပ်ပေသည်။

**စဉ်စားစဉ်ခြင်မှု ကင်းမဲ့သော၊ သေးနပ်သိမ်ဖျင်းသောအတွေးအခေါ်နှင့် အာဏာမက်မောသော၊ ရက်စက်ယုတ်မာသော စစ်အုပ်စု၏ ပြည်သူလူထုအပေါ် လူမဆန်သောလုပ်ရပ်များအား အပြင်းအထန် ဆန့်ကျင်၍ ခေတ်ဆိုး စနစ်ဆိုးမှ လွတ်မြောက်ရန်၊ အာဏာရှင်အား အမြစ်ပြတ်တွန်လှန်ရန်၊ ရင်ဆိုင်နေရသည့် အခက်အခဲများကို ကျော်လွှား၍ မိမိကျရာ ကဏ္ဍမှ အတူတကွလက်တွဲလုပ်ဆောင်ကြပါစို့။**

အမြဲတမ်းကော်မတီ
ကေအဲန်ယူ ကရင်အမျိုးသားအစည်းအရုံး
ညောင်လေးပင်ခရိုင်

နေ့စွဲ - ၁၇ / ၉ / ၂၀၂၂